# ကြားဖြတ်ဝင်ရသော /တသမတ်တည်းမဟုတ်သော တရားဝင်ပညာရေး (SIFE)

## နှုတ်ဖြင့် လူတွေ့မေးမြန်းခြင်းမေးခွန်းများ

### ညွှန်ကြားချက်များနှင့် လမ်းညွှန်မှု

**THE STATE EDUCATION DEPARTMENT** / THE UNIVERSITY OF THE STATE OF NEW YORK / ALBANY, NY 12234
Office of P-12

55 Hanson Place, Room 594
Brooklyn, New York 11217
Tel: (718) 722-2445 / Fax: (718) 722-2459

89 Washington Avenue, Room 528EB
Albany, New York 12234
(518) 474-8775 / Fax: (518) 474-7948

## THE UNIVERSITY OF THE STATE OF NEW YORK

### Regents of The University

| | |
|---|---|
| MERRYL H. TISCH, *Chancellor,* B.A., M.A., Ed. D. | New York |
| ANTHONY S. BOTTAR, *Vice Chancellor,* B.A., J.D. | Syracuse |
| JAMES R. TALLON, JR., B.A., M.A. | Binghamton |
| ROGER TILLES, B.A., J.D. | Great Neck |
| CHARLES R. BENDIT, B.A. | Manhattan |
| BETTY A. ROSA, B.A., M.S. in Ed., M.S. in Ed., M.Ed., Ed. D. | Bronx |
| LESTER W. YOUNG, JR., B.S., M.S., Ed. D. | Beechhurst |
| CHRISTINE D. CEA, B.A., M.A., Ph.D. | Staten Island |
| WADE S. NORWOOD, B.A. | Rochester |
| KATHLEEN M. CASHIN, B.S., M.S., Ed. D. | Brooklyn |
| JAMES E. COTTRELL, B.S., M.D. | New York |
| T. ANDREW BROWN, B.A., J.D. | Rochester |
| JOSEPHINE VICTORIA FINN, B.A., J.D. | Monticello |
| JUDITH CHIN, M.S. in Ed | Little Neck |
| BEVERLY L. OUDERKIRK, B.S. in Ed., M.S. in Ed | Morristown |
| CATHERINE COLLINS, R.N., N.P., B.S., M.S. in Ed, Ed. D. | Buffalo |
| JUDITH JOHNSON, B.A, M.A., C.A.S. | New Hempstead |

**Commissioner of Education and President of the University**
MARY ELLEN ELIA

**Executive Deputy Commissioner**
ELIZABETH R. BERLIN

**Deputy Commissioner of P-12 Instructional Support**
ANGELICA INFANTE-GREEN

**Assistant Commissioner of the Office of Bilingual Education and World Languages**
LISSETTE COLON-COLLINS

The New York State Education Department wish to thank the NYS Board of Regents, the SIFE Workgroup, and many others who helped with the development of identification instruments to serve the Students with Interrupted/Inconsistent Formal Education (SIFE). Special thanks to Rachel Hoff, NYCDOE; Wanda Ortiz-Rivera, UFSD; Judy Goris-Moroff, HUFSD; Rejane Ribeiro and Sharon Deland, Patchogue-Medford; Cecilia Blanco, South Huntington; Maria Fielteau, Utica; Tiara Reyes Vega, Yonkers; The BRIDGEs Program staff; Elaine Klein, Annie Smith, Suzanna McNamara, Aika Swai, and many others.

The State Education Department does not discriminate on the basis of age, color, religion, creed, disability, marital status, veteran status, national origin, race, gender, genetic predisposition or carrier status, or sexual orientation in its educational programs, services and activities. Portions of this publication can be made available in a variety of formats, including braille, large print or audio tape, upon request. Inquiries concerning this policy of nondiscrimination should be directed to the Department's Office for Diversity and Access, Room 530, Education Building, Albany, NY 12234.

## မာတိကာ


ရည်ရွယ်ချက် ........ 1

*SIFE သတ်မှတ်ချက်များအတွက် လမ်းညွှန်မှုအခြေခံမှုများ* ........ 1

*မေးခွန်းလွှာစီမံခန့်ခွဲရန်အတွက် လုပ်ထုံးလုပ်နည်းများ။ အရည်အချင်းပြည့်မီသောအမှုထမ်း* ........ 2

*SIFE မေးခွန်းလွှာစီမံခန့်ခွဲခြင်းအတွက် လုပ်ထုံးလုပ်နည်းများ။ လိုက်နာရမည့်ထုံးတမ်းစဉ်လာများ* ........ 2

*ကိုယ်ရေးကိုယ်တာနှင့် ဘာသာစကားသတင်းအချက်အလက်အတွက် ညွှန်ကြားချက်များ* ........ 3

*ကြိုတင်ပြင်ဆင်သည့်မေးခွန်းများအတွက် ညွှန်ကြားချက်များ* ........ 3

*စံနှုန်းအမျိုးအစား ၁။ မိသားစုနှင့် အိမ်နောက်ခံသမိုင်းကြောင်းအတွက် ညွှန်ကြားချက်များ* ........ 3

*စံနှုန်းအမျိုးအစား ၂။ ပညာရေးသမိုင်းကြောင်းအတွက် ညွှန်ကြားချက်များ* ........ 4

*စံနှုန်းအမျိုးအစား ၃။ ဘာသာစကားနှင့် စာတတ်မြောက်ရေးလေ့ကျင့်မှုများအတွက် ညွှန်ကြားချက်များ* ........ 4

*စံနှုန်းအမျိုးအစား ၄။ အခြားမေးခွန်းများအတွက် ညွှန်ကြားချက်များ* ........ 5

*စံနှုန်းအမျိုးအစား ၅။ မေးခွန်းများတင်ဆက်မှုအတွက် ညွှန်ကြားချက်များ* ........ 5

## *ရည်ရွယ်ချက်*

*SIFE နုတ်ဖြင့်လူတွေ့မေးမြန်းခြင်းမေးခွန်းများ*သည် ဖြစ်နိုင်ခြေရှိသည့် ကြားဖြတ်ဝင်ရသော/ တသမတ်တည်းမဟုတ်သော[၁] တရားဝင်ပညာရေးရှိသော (SIFE) ကျောင်းသား/ သူများအဖြစ်သတ်မှတ်ထားသောသူများအားကူညီရန် ဖန်တီးထားသောအရာတစ်ခုဖြစ်ပြီး သူတို့အား သင့်တော်မှန်ကန်သော ဝန်ဆောင်မှုများနှင့် ကြားဝင်ပေးခြင်းများကို ထောက်ပံ့လုပ်ဆောင်ပေးခြင်းဖြစ်သည်။ ဤအစီအစဉ်တွင် ထိုကျောင်းသား/သူများ၏ သတ်မှတ်ချက်လုပ်ငန်းစဉ်များသည် သင့်တော်မှန်ကန်သော အမှုထမ်းမှ သေချာစွာလုပ်ဆောင်ရမည့် အဆင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ မိခင်ဘာသာစကားမေးခွန်းလွှာစီမံခန့်ခွဲမှု (HLQ)

၂။ ကျောင်းသား/သူနှင့် မိဘ/မိဘကဏ္ဍတွင်ပတ်သက်နေသူနှင့်အတူ အင်္ဂလိပ်နှင့် မိခင်ဘာသာစကားဖြင့် မေးမြန်းခြင်းတစ်ခု ဦးစီးဦးရွက်ပြုရန်

၃။ ကျောင်းသား/သူ အလုပ်နမူနာများ၊ ကျောင်းမှတ်တမ်းများနှင့် ကြိုတင်အကဲဖြတ်ခြင်းများကို စစ်ဆေးရန်

၄။ အင်္ဂလိပ်စာဘာသာသင်ယူနေသောသူများအတွက် နယူးယောက်ပြည်နယ်ရွေးထုတ်သတ်မှတ်စစ်ဆေးခြင်း၏ လုံခြုံစိတ်ချရသောရလဒ်များ

၅။ SIFE နုတ်ဖြင့်လူတွေ့မေးမြန်းခြင်းမေးခွန်းလွှာစီမံခန့်ခွဲမှု

၆။ ဘာသာစကားအများစာပေတတ်မြောက်မှု SIFE စစ်ဆေးသူ (MLS) စီမံခန့်ခွဲမှု

## *SIFE သတ်မှတ်ချက်များအတွက် လမ်းညွှန်မှုအခြေခံမှုများ*

၁။ SIFE ကို အချိန်မှီ လုပ်ပုံလုပ်နည်းအတိုင်း ဆန်းစစ်သတ်မှတ်ပါ။ (SIFE ကျောင်းသား/သူများအပါအဝင် ELLs ၏ စစ်ဆေးသတ်မှတ်ခြင်းနှင့် နေရာချထားခြင်းလုပ်ငန်းစဉ်သည် ကျောင်းသား/သူ၏ စာရင်းပေးသွင်းခြင်း သို့မဟုတ် ကျောင်းခရိုင်သို့ပြန်လည်ဝင်ရောက်လာခြင်းအပြီး ကျောင်းနေ့များ (၁၀) ရက်အတွင်းတွင် ပြီးပြည့်စုံရမည် ဖြစ်သည်။)

၂။ <u>စုဆောင်းခြင်းနှင့် ခွဲထားသောအချက်အလက်</u>အပါအဝင်–

- ရောက်ရှိခြင်းပေါ်မူတည်သောအသက်
- ပြောင်းရွှေ့နိုင်ခြင်း
- ဝင်ရောက်သောအချိန်တွင်ရှိသည့် ကျောင်းနေသောနှစ်များ
- မိခင်နိုင်ငံနှင့် USA တွင် သင်ယူခဲ့သော ပါဝင်သည့် အမျိုးအစားနှင့်အခွင့်အလမ်း

၃။ ရွေးချယ်ခွဲထုတ်ခြင်းလုပ်ငန်းစဉ်မှတ်တမ်းအား သေချာစွာဂရုစိုက်ခြင်း
မှတ်ချက်။ ကျောင်းခရိုင်တစ်ခုစီတိုင်းသည် မိခင်ဘာသာစကားမေးခွန်းလွှာ၊ အင်္ဂလိပ်စာဘာသာသင်ယူနေသောသူများ အကဲဖြတ်ခြင်းအတွက် NYS ရွေးထုတ်သတ်မှတ်စစ်ဆေးခြင်းအပါအဝင် အစဦးပိုင်းရွေးချယ်ခွဲထုတ်ခြင်းနှင့် မည်သည့်နောက်ဆက်တွဲပြန်လည်ဆန်းစစ်မှုဖြစ်စဉ်များနှင့်ပတ်သက်လျက်ရှိသော မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားမည်ဖြစ်ပြီး ရွေးချယ်ခွဲထုတ်ခြင်းလုပ်ငန်းစဉ်များနှင့် ပြန်လည်စစ်ဆေးခြင်းလုပ်ငန်းစဉ်၏ အခြားသောမှတ်တမ်းတင်ခဲ့မှုများကို ဤအပိုင်း၏ စာပိုဒ် (က)နှင့် (ခ) တွင်အဓိပ္ပါယ်ဖွင့်ဆိုထားသည်။ သတင်းအချက်အလက်များကို ကျောင်းသား/သူ၏ မှတ်တမ်းစုဆောင်းခြင်းအစိတ်အပိုင်းအဖြစ် ထိန်းသိမ်းထားမည်ဖြစ်သည်။

၄။ အစီအစဉ်နေရာချထားခြင်း– ဘာသာစကားနှစ်မျိုးပြောသောပညာရေး သို့မဟုတ် အင်္ဂလိပ်စာသည် အသစ်သောဘာသာစကားတစ်ခုကဲ့သို့ဖြစ်ခြင်း

[၁]တသတ်မတ်တည်းမဟုတ်သောပညာရေးရည်ညွှန်းချက်မှာ ကျောင်းသား/သူများ သူတို့၏ပညာရေးတွင် တွေ့ကြုံနေရသော ပြတ်တောင်းပြတ်တောင်းနှင့် ပြတ်တောက်ခြင်းများအား နှစ်နှစ်အထိ သို့မဟုတ် ထိုထက်ပို၍ ထပ်ပေါင်းပေးခြင်းဖြစ်သည်။

## *မေးခွန်းများစီမံခန့်ခွဲရန်အတွက် လုပ်ထုံးလုပ်နည်းများ။ အရည်အချင်းပြည့်မီသောအမှုထမ်း*

ထိုတွေ့ဆုံမေးမြန်းခြင်းသည် မိနစ် ၂၀ ခန့်ကြာမည်ဖြစ်ပြီး အရည်အချင်းပြည့်မီသောအမှုထမ်းများနှင့် ကျောင်းသား/သူ၏ မူလသို့မဟုတ် အိမ်သုံးဘာသာစကားဖြင့် စီမံထားမည်ဖြစ်သည်။ အကယ်၍လိုအပ်လျှင် ဘာသာပြန်ဆိုသူ သို့မဟုတ် စကားပြန်တစ်ယောက် စီစဉ်ပေးမည်ဖြစ်သည်။

## *"အရည်အချင်းပြည့်မီသော အမှုထမ်း"က ဘယ်သူတွေလဲ။*

ဘာသာစကားနှစ်မျိုးပြောသောပညာတတ်သူ သို့မဟုတ် အင်္ဂလိပ်မှ အခြားဘာသာစကားများပြောသူတစ်ဦး (ESOL) ဆရာ/မ ဖြစ်သူသည် –

- နယူးယောက်ပြည်နယ်တွင် CR အပိုဒ် ၈၀ တွင် အရည်အချင်းပြည့်မီသူ
- ကျောင်းသား/သူ သို့မဟုတ် မိဘ သို့မဟုတ် မိဘကဏ္ဍတွင်ပတ်သက်နေသူ၏ အိမ်သုံးဘာသာစကားကို သွက်လက်စွာပြောနိုင်သူ သို့မဟုတ်
- ထိုဘာသာစကား၏ အရည်အချင်းပြည့်မီသော စကားပြန်/ဘာသာပြန်တစ်ယောက်အသုံးပြုခြင်း သို့မဟုတ် ကျောင်းသား/သူ သို့မဟုတ် မိဘ သို့မဟုတ် မိဘကဏ္ဍတွင်ပတ်သက်နေသူအကောင်းဆုံးနားလည်ရန် ဆက်သွယ်ခြင်းလုပ်ပုံလုပ်နည်းကို အသုံးပြုခြင်း သို့မဟုတ်

ဆရာ/မတစ်ယောက်သည်

- နယူးယောက်ပြည်နယ်တွင် CR အပိုဒ် ၈၀တွင် အရည်အချင်းပြည့်မီသူ
- ယဉ်ကျေးမှုနှင့်သက်ဆိုင်သောစွမ်းရည်ရှိခြင်း၊ ဘာသာစကားဖွံ့ဖြိုးခြင်းနှင့် အင်္ဂလိပ်စာဘာသာစကားကိုသင်ယူနေသူများ၏လိုအပ်ချက်များအတွက် သင်တန်းဆင်းထားပြီးသောသူနှင့်
- ကျောင်းသား/သူ သို့မဟုတ် မိဘ သို့မဟုတ် မိဘကဏ္ဍတွင်ပတ်သက်နေသူ၏ အိမ်သုံးဘာသာစကားအား ကျွမ်းကျင်သူ သို့မဟုတ်
- ထိုဘာသာစကား၏ အရည်အချင်းပြည့်မီသော စကားပြန်/ဘာသာပြန်တစ်ယောက်အသုံးပြုခြင်း သို့မဟုတ် ကျောင်းသား/သူ သို့မဟုတ် မိဘ သို့မဟုတ် မိဘကဏ္ဍတွင်ပတ်သက်နေသူအကောင်းဆုံးနားလည်ရန် ဆက်သွယ်ခြင်းလုပ်ပုံလုပ်နည်းကို အသုံးပြုခြင်း။

## **SIFE** *မေးခွန်းများစီမံခန့်ခွဲခြင်းအတွက်လုပ်ထုံးလုပ်နည်းများ။ လိုက်နာရမည့်ထုံးတမ်းစဉ်လာများ*

၁။ တွေ့ဆုံမေးမြန်းခြင်းသည် တိတ်ဆိတ်သော၊ အနှောင့်အယှက်မရှိသော လွတ်လပ်သည့်ပတ်ဝန်းကျင်တစ်ခုတွင် ပြုလုပ်ရမည်။ ကြိုဆိုမှုရှိသောပတ်ဝန်းကျင်အနေအထား တစ်ခုဖြစ် ရန်သေချာစေပြီး ကျောင်းသား/သူများသည် ကျောင်းစတင်ချိန်နှင့် အကျွမ်းတဝင်မရှိသကဲ့သို့နှင့် ကျောင်းတစ်ကျောင်းပတ်ဝန်းကျင်၏ မျှော်လင့်ထားမှုများကို စနစ်တကျထားရှိရန် သေချာစေရမည်။ အကယ်၍ဖြစ်နိုင်လျှင် မိဘ သို့မဟုတ် မိဘကဏ္ဍတွင်ပတ်သက်နေသူ တက်ရောက်သင့်သည်။ သို့သော် ၎င်းသည်လိုအပ်ချက်တစ်ခု မဟုတ်ပါ။ ကျောင်းသား/သူများသည် မေးခွန်းအားလုံးအား မိဘတစ်ဦး သို့မဟုတ် မိဘကဏ္ဍတွင်ပတ်သက်နေသူဆီမှ အကူအညီမပါပဲနှင့် ဖြေဆိုသင့်သည်။ သို့သော် လိုအပ်ပါက မိဘများ သို့မဟုတ် မိဘကဏ္ဍတွင်ပတ်သက်နေသူများမှ ရှင်းလင်းခြင်းကိုပေးနိုင်ပါသည်။

၂။ ကျောင်းသား/သူသို့ မေးခွန်းများကို ကျယ်စွာဖတ်ပြပြီး ထပ်ခါထပ်ခါပြန်ဖတ်ရလိမ့်မည်။ ဖြစ်နိုင်ခြေရှိသောအဖြေများကိုမပေးပါနှင့်။ နောက်ဆက်တွဲမေးခွန်းများကို လိုအပ်မှုရှိသကဲ့သို့မေးရန် အကြံပြုထားနိုင်ပါသည်။

၃။ အဖြေများကို ရှင်းလင်းစွာရေးရန်နှင့် အတိုကောက်များမရေးပါနှင့်။

၄။ ပုံစံပေါ်တွင်ရှိသော၎င်း၏ကွင်းစကွင်းပိတ်များတွင် ပေးထားသောညွှန်ကြားချက်များအတိုင်းလိုက်နာပြီး အောက်တွင်ပေးထားသော လမ်းညွှန်ချက်ကိုရည်ညွှန်းပါ။

၅။ စံနှုန်းအမျိုးအစား ၅ မေးခွန်းများတွင် တွေ့ဆုံမေးမြန်းသူသည် ကမ္ဘာ့မြေပုံတစ်ခု သို့မဟုတ် ကမ္ဘာလုံးပုံတစ်ခုနှင့် နာရီလက်တံများပါသောနာရီတစ်လုံးရှိရန်လိုအပ်သည်။

## *ကိုယ်ရေးကိုယ်တာနှင့် ဘာသာစကားသတင်းအချက်အလက်အတွက် ညွှန်ပြချက်များ*

ဤအပိုင်း၏ရည်ရွယ်ချက်မှာ အတည်ပြုခြင်းနှင့် နောက်ဆက်တွဲသတင်းအချက်အလက်များကို အခြားသောမှတ်တမ်းမှတ်ရာများတွင် ဖြည့်ဆည်းပေးခြင်းနှင့် နေရာချထားခြင်းနှင့် ကွန်ပျူတာညွှန်ကြားချက်ရေးသားမှုအတွက်လိုအပ်သော အခြေခံသတင်းအချက်အလက်များကို ပေးခြင်းဖြစ်သည်။ ထို့အပြင် ကျောင်းသား/သူများ၏ အခြေခံမေးခွန်းများအတွက် လျင်မြန်စွာမေးခြင်းကိုတုန့်ပြန်ရန်စွမ်းအားကို မေးမြန်းသူမှဆုံးဖြတ်နိုင်သည်။ အတည်ပြုရန်အတွက် ကျောင်းသို့ပို့သော မှတ်တမ်းများတုန့်ပြန်မှုများနှင့် အခြားသော မှတ်တမ်းမှတ်ရာများရရှိနိုင်မှုနှင့် ကိုက်ညီမှုရှိရန်မှာ အရေးကြီးပါသည်။

အကယ်၍ ကျောင်းသား/သူမှ သူ သို့မဟုတ် သူမသည် ဘာသာစကားများစွာပြောသူဖြစ်ပါက နောက်ဆက်တွဲမေးခွန်းများအနေဖြင့် ထိုကျောင်းသား/သူ၏ မူလ သို့မဟုတ် အိမ်သုံးစကားက မည်သည့်စကားဖြစ်သည်ကို သတ်မှတ်ရန်မေးရမည်။ အကယ်၍မူလဘာသာစကားသည် ဒေသသုံးစကားတစ်ခုဖြစ်ခဲ့သော် လိုအပ်လျှင် သတ်မှတ်ဆုံးဖြတ်ချက်ပေးရန်လိုအပ်သည်။ အကယ်၍ ကျောင်းသား/သူသည် ပေးထားသောမေးခွန်းတစ်ခုကို မဖြေဆိုနိုင်ပါက မိဘတစ်ဦး သို့မဟုတ် မိဘကဏ္ဍတွင်ပတ်သက်နေသူရှိခဲ့သော် ကူညီနိုင်သည်။

## *ကြိုတင်ပြင်ဆင်သည့်မေးခွန်းများအတွက် ညွှန်ကြားချက်များ*

ဤအပိုင်း၏ရည်ရွယ်ချက်မှာ ကျောင်းသား/သူသည် တွေ့ဆုံမေးမြန်းခြင်းပုံစံနှင့် သူ သို့မဟုတ် သူမ၏ စကားအပြန်အလှန်ပြောခြင်းအပေါ်တုန့်ပြန်ခြင်းအရည်အသွေးကို သတ်မှတ်ရန်အတွက် ပြင်ဆင်ခြင်းဖြစ်သည်။ အဖြေများမှာ ပြင်ပနှင့်ဆိုင်သောအရာများကို ဖော်ပြမည်ဖြစ်ပြီး အရည်အသွေးများနှင့်/သို့မဟုတ် လူမှုရေးမီးမောင်းထိုးပြမှု၊ စိတ်လှုပ်ရှားခြင်း သို့မဟုတ် စီးပွားရေးစိမ်ခေါ်မှုများနှင့် လိုအပ်ချက်ဖြစ်နိုင်ခြေရှိသော ထောက်ပံ့ဝန်ဆောင်မှုများကို ပေါ်ပေါက်လာစေနိုင်သည်။

အခြားရွေးချယ်စရာ သို့မဟုတ် နောက်ဆက်တွဲမေးခွန်းများ။

*သင်အားကစားများကစားသလား။ ကစားတယ်ဆိုရင် ကျွန်ုပ်ကိုသင်ကစားတဲ့ အားကစားအကြောင်းအချို့ကို ပြောပြပါလား။*

*ကျောင်းမှာမဟုတ်တဲ့အချိန်တွေမှာ သင်အလုပ်လုပ်သလား။ လုပ်ရင် သင့်အလုပ်အကြောင်းရှင်းပြပါလား။*

*နယူးယောက်/သင့်အသိုင်းအဝိုင်းမှာနေရတဲ့အခါ သင်ဘာကိုကြိုက်နှစ်သက်သလဲ။*

## *စံနှုန်းအမျိုးအစား ၁။ မိသားစုနှင့် အိမ်နောက်ခံသမိုင်းကြောင်းအတွက် ညွှန်ကြားချက်များ*

ဤအပိုင်းသည် ကျောင်းသား/သူ၏လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးအခြေအနေများနှင့် မိသားစုနှင့်ဆိုင်၍ ကြိုးစားနေရသော ကျောင်းသား/သူ ဒီဂရီအတွက် စတင်ပေးရန်ကူညီမှုနှင့်အတူဖြစ်ခြင်း သို့မဟုတ် ကျောင်းသား/သူ၏ပညာရေးတွင် ပါဝင်လှုပ်ရှားနေခြင်းနှင့် သို့မဟုတ် မိသားစုဝင်မဟုတ်သောဆွေမျိုးများနှင့် မိသားစု ထောက်ပံ့ခြင်းတွင် ဒီဂရီအတွက် သဘောတူစတင်ပေးခြင်း၌ကူညီရန် ထပ်မံဖြည့်စွက်သောသတင်းအချက်အလက်များကို ပေးမည်ဖြစ်သည်။

"အလယ်တန်းကျောင်း" သို့မဟုတ် "ဘွဲ့ပေးသည့်ကျောင်း" စသော မရင်းနှီးသည့်အသုံးအနှုန်းများကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း/ရှင်းပြခြင်းရှိနိုင်ပြီး သို့မဟုတ် အခြားသော အသုံးအနှုန်းများကို လိုအပ်သကဲ့သို့ အစားထိုးပေးရမည်။

အောက်ပါအချက်များသည် SIFE ကျောင်းသား/သူများ၏ ကျောင်းသွားခြင်းဘဝပန်းတိုင်များ၊ ရည်ရွယ်ချက်များ လွှမ်းမိုးခြင်းဖြစ်ကြောင်း သတိထားစရာဖြစ်သည်။ SIFE ကျောင်းသား/သူတစ်ယောက်သည် ဘဝသစ်တစ်ခုနှင့် မတူသောယဉ်ကျေးမှုတစ်ခုသို့ ဝင်ရောက်လာလျှင် ထိုသူ၏ တိကျသောနှင့် သွယ်ဝိုက်သော လူမှုရေး/အပြုအမူဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုဦးစားပေးမှုများနှင့် တန်ဖိုးထားသောစနစ်များသည် ရင်းနှီးမှုရှိမည်မဟုတ်ပေ။ သူတို့သည် မိသားစုဝင်မဟုတ်သောဆွေမျိုးများ၊ သူငယ်ချင်းများနှင့် သို့မဟုတ် ရင်းနှီးသူများနှင့် ခွဲခွာရခြင်းနှင့် မျှော်လင့်ရမည်ဖြစ်သောလုပ်ထုံးလုပ်နည်းများကဲ့သို့ စိတ်ချယုံကြည်ရသောထောက်ပံ့မှုစနစ်များကို ရရှိရန်နည်းလမ်းများမရှိမည်ကို စိုးရိမ်ခြင်းအဆင့်များ၌ တွေ့ကြုံရနိုင်သည်။ သူတို့သည် U.S. ကျောင်းများတွင် လူမှုရေးဗေဒနှင့်သက်ဆိုင်သောပညာသင်ခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာစွမ်းရည်များမျှော်လင့်ခဲ့မှုပြည့်ဝခြင်းတို့တွင်လည်း ချို့တဲ့မှုဖြစ်နိုင်သည်။ ဒုတိယအဆင့်တွင် မိသားစုနှင့်ဆိုင်သောကြိုးစားပါဝင်ခြင်းတောင်းဆိုမှုနှင့် တာဝန်ယူလုပ်ဆောင်ခြင်းနှင့် ပညာရေးအမျိုးအတန်းအစားများကိုရရှိရန် အချိန်သွတ်သွင်းကာလတို့သည် ကျဆင်းနေမှုအန္တရာယ်ကို တိုးပွားစေသည်။ မည်သို့ပင်ဆိုစေကာမူ SIFE များတွင် အမျိုးမျိုးသောဘဝအတွေ့အကြုံများသည် ကျောင်းကိုအသက်မွေးမှုဆိုင်ရာဖြစ်ပေါ်မှုတွင် ကျောက်ဆူးချရန်သင့်တော်စွာရှိနေသည်။

## *စံနှုန်းအမျိုးအစား ၂။ ပညာရေးသမိုင်းကြောင်းအတွက် ညွှန်ကြားချက်များ*

ဤအပိုင်းသည် ကျောင်းသား/သူ၏ပညာရေးသမိုင်းကြောင်းနှင့် အကယ်၍သူတို့ပညာရေးတွင် ကြားဖြတ်ဝင်ရမှုများ သို့မဟုတ် တသမတ်တည်းမဟုတ်ဖြစ်ခြင်းများ တစ်စုံတစ်ခုရှိခဲ့သော် ရှာဖွေသတ်မှတ်ရန် အသေးစိတ်သတင်းအချက်အလက်ပေးရန်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုအတန်းအဆင့်များသည် အခြားသောတိုင်းပြည်များနှင့် အမြဲတမ်းတထပ်တည်းမကျနိုင်ပဲ ကျောင်းသား/သူများအသက်ပေါ်တွင်အခြေခံ၍ မေးမြန်းသည်။ ညွှန်ကြားချက်များတွင် ဖော်ပြထားသကဲ့သို့ "သင် [အသက်] တုန်းက ----" ဖြင့် ပထမကနဦးသတ်ချက်နှင့်အတူ အစပြုသည်။ ထိုနောက် ထိုလိုင်းတွင်ရှိသော မေးခွန်းအားလုံးကို ဆက်လက်မေးပါ။ ကျေးဇူးပြု၍ လွတ်နေသော ဒေါင်လိုက်အကန့်သည် ကျောင်းသား/သူ၏တုန့်ပြန်မှုအပေါ်မူတည်၍ အသက်နှင့်အတန်းကိုက်ညီမှုကို လက်ဖြင့်ရေးရန် ဘယ်ဖက်တွင်ပါဝင်ပြီးဖြစ်သည်။ ဤအရာသည် အကယ်၍လက်ရေးမိတ္တူ သို့မဟုတ် စာရွက်စာတမ်းမရရှိနိုင်ပါက အသုံးပြုနိုင်သည်။ သို့သော် ရနိုင်သောမှတ်တမ်းများနှင့်ကိုက်ညီမှုအတွက်လည်း အမှတ်အသား ပြုလုပ်နိုင်ပါသည်။

"*ကျောင်းတွင်သင်အချိန်မည်မျှအသုံးပြုခဲ့သလဲ*" မေးခွန်းအတွက် ညွှန်ပြချက်သည် အကယ်၍ကျောင်းသား/သူသည် ကျောင်းတစ်နှစ်လုံးတက်ခြင်းအတွက်၊ တစိတ်တပိုင်း တက်ခြင်းအတွက်၊ လများ သို့မဟုတ် နာရီများအတွက်ဖြစ်သည်။ "*ထိုစာသင်နှစ်တွင် သင်ပြင်ပ၌ သင်ယူခဲ့သလား*"မေးခွန်းအတွက် ဖြစ်နိုင်ခြေရှိသောအဖြေတွင် *ညနေပိုင်းကျောင်း/ပညာရေးတွင်ဆက်သွားနေခြင်း၊ အိမ်တွင်သင်သောကျောင်းစနစ် သို့မဟုတ် ကိုယ်ပိုင်သင်ကြားသောသူတစ်ယောက်နှင့်ပညာသင်နှစ်များ* စသည်တို့ ပါဝင်သည်။

"ထပ်လောင်းသတင်းအချက်အလက်" အကွက်သည် ဇယားတွင်မပါသော မည်သည့်သတင်းအချက်အလက်မဆို မှတ်တမ်းတင်ရန် အသုံးပြုရန်ဖြစ်သည်။

ဖော်ပြပါ "ထပ်လောင်းသတင်းအချက်အလက်" အကွက်တွင် ကျောင်းသား/သူအား သူ သို့မဟုတ် သူမတိုင်းပြည်တွင်တက်ခဲ့သောကျောင်းအတွေ့အကြုံအကြောင်း အသေးစိတ်မေးရန် ဖွင့်ထားပေးသော မေးခွန်းသုံးခုဖြစ်သည်။ တတ်နိုင်သမျှ အသေးစိတ်နှင့် နောက်ဆက်တွဲမေးခွန်းများကိုလိုအပ်သလိုမေးရန် ပြင်ဆင်ပါ။ ထပ်လောင်းနှင့် နောက်ဆက်တွဲမေးခွန်းများတွင် ပါဝင်နိုင်သည်မှာ–

*သင်ကျောင်းကို မနက်ပိုင်းရောက်ရှိချိန်မှာ ပထမဆုံးလုပ်ခဲ့တဲ့အရာကဘာလဲ။*

*သင့်အတန်းမှာ သင်ကြိုက်နှစ်သက်ခဲ့တာဘာလဲ။*

*ဘယ်ဘာသာရပ်များကို သင်ယူခဲ့ရတာအပျော်ဆုံးလဲ။ ဘာကြောင့်လဲရှင်းပြပါ။*

*ဘယ်ဘာသာရပ်များကို သင်ယူခဲ့ရတာ မပျော်ဆုံးလဲ။ ဘာကြောင့်လဲရှင်းပြပါ။*

*သီးခြားဘာသာရပ်များတစ်ခုခုမှာ သင်ကောင်းမွန်စွာ လုပ်ဆောင်ခဲ့သလား။ ရှင်းပြပါ။*

*သင် စာသင်ယူနေခဲ့ရတယ်လို့ ခံစားခဲ့ရသလား။ ဘာကြောင့်ခံစားခဲ့ရလဲ သို့မဟုတ် ဘာကြောင့်မခံစားခဲ့ရဘူးလဲ ရှင်းပြပါ။*

*ကျွန်ုပ်ကို သင်အနှစ်သက်ဆုံး ဆရာ/မအကြောင်း ပြောပြနိုင်မလား။*

*သင့်မှာ သူငယ်ချင်းများတစ်စုရှိခဲ့လား။ သူတို့အကြောင်းပြောပြပါလား။*

တိုက်တွန်းရခြင်းများနှင့်အဖြေများနှစ်ခုစလုံးကို မေးခွန်းသုံးအောက်တွင်ပေးထားသောနေရာ၌ မှတ်တမ်းတင်ပါ။

## *စံနှုန်းအမျိုးအစား ၃။ ဘာသာရပ်နှင့် စာတတ်မြောက်ရေးလေ့ကျင့်မှုများအတွက် ညွှန်ကြားချက်များ*

ဤအပိုင်း၏ရည်ရွယ်ချက်မှာ ကျောင်းသား/သူ၏ ကျောင်းပြင်ပတွင်သုံးသောဘာသာစကား၊ သူတို့၏လက်ရှိထိတွေ့ဆက်ဆံမှုများနှင့် စာရေးခြင်းနှင့် စာဖတ်ခြင်းများ နှင့်အတူ အတွေ့အကြုံနှင့် သူတို့၏ကွန်ပျူတာနည်းပညာနှင့် အခြားသောမီဒီယာများတွင်ရှိသော အတွေ့အကြုံနှင့်ပတ်သက်သောအရာများကို အသေးစိတ်များပေး ရန်ဖြစ်သည်။

ကျောင်းသား/သူနှင့် မရင်းနှီးသော မည်သည့်အခေါ်အဝေါ်မဆို အဓိပ္ပါယ်ဖွင့်ဆိုခြင်း သို့မဟုတ် ရှင်းပြပါ။ ပုံစံ၌ ပေးထားသောညွှန်ကြားချက်များကို လိုက်နာပြီး ဖော်ပြထားသကဲ့သို့ ဆိုင်ရာအကွက်များအားလုံး သို့မဟုတ် တစ်ခုအားအမှတ်အသားပြုပါ။

## *စံနှုန်းအမျိုးအစား ၄။ အခြားမေးခွန်းများအတွက်ညွှန်ကြားချက်များ*

ဤအပိုင်းသည် ကျောင်းသား/သူ၏ အသက်မွေးဝမ်းကြောင်းနှင့် [ပညာသင်ယူခြင်း] ပန်းတိုင်များကို ရည်ညွှန်းသည်။ ပထမမေးခွန်းဖြစ်သော *"အနာဂတ်မှာ သင်ဘာအသက်မွေးဝမ်းကြောင်းမှုမျိုးကိုလိုချင်သလဲ"*ဆိုသည်ကို ကျောင်းသား/သူများအားလုံးကိုမေးနိုင်ပြီး ထိုစာစုကို အပြောင်းအလဲလုပ်နိုင်သည်။ ဥပမာ– သင်အစား ထိုး၍မေးနိုင်သည့်မှာ–

*ဘယ်လိုအလုပ်အမျိုးအစားကို သင့်အနာဂတ်မှာလုပ်လိုသလဲ။*

*သင်ပညာသင်ကြားခြင်းပြီးဆုံးသွားတဲ့အခါမှာ ဘယ်လိုအလုပ်မျိုးရလိုသလဲ။*

ငယ်ရွယ်သော ကျောင်းသား/သူများအတွက် သင်မေးနိုင်သည့်မေးခွန်းမှာ *"သင်ကြီးပြင်းလာတဲ့အခါမှာ ဘာဖြစ်ချင်သလဲ"*

## *စံနှုန်းအမျိုးအစား ၅။ မေးခွန်းများတင်ဆက်မှုအတွက် ညွှန်ကြားချက်များ*

ဤအပိုင်း၏ရည်ရွယ်ချက်မှာ ကျောင်းသား/သူများ၏စွမ်းရည်ကို အခြေခံလုပ်ဆောင်မှုများအား လုပ်ဆောင်ခြင်း၌ ပေးထားသော အစပြုပေးခြင်းများအပေါ်တွင် တုန့်ပြန်ခြင်းအား အကဲဖြတ်ခြင်းဖြစ်သည်။

ပထမအမျိုးအစားအနေဖြင့် မေးမြန်းသူသည် တွေ့ဆုံမေးမြန်းခြင်းပြုလုပ်မည့် အခန်းတွင် ညွှန်ကြားမှုပြုလုပ်ရန် ကမ္ဘာ့မြေပုံ သို့မဟုတ် ကမ္ဘာလုံးပုံတစ်ခုရှိရမည်ဖြစ်သည်။

အောက်ပါအတိုင်း ကျောင်းသား/သူကို အစပြုပါ။

*အခု ကျွန်ုပ်သင့်ကို လုပ်ဆောင်စရာနှစ်ခုလောက်ပေးပါမယ်။ ပထမက ဒီ [ကမ္ဘာလုံး/မြေပုံ] မှာ သင့်မိခင်တိုင်းပြည်ဘယ်မှာရှိတယ်ဆိုတာကို ထောက်ပြပြီး နာမည်ဘာလဲဆိုတာကို ကျွန်ုပ်ကိုပြောပြပါ။*

*နောက်တစ်ခုက ဒီ [ကမ္ဘာလုံး/မြေပုံ] မှာ သင့်မိခင်တိုင်းပြည်ရဲ့မြို့တော်ကို ရှာဖွေစေလိုပါတယ်။ အဲဒါကို ကျွန်ုပ်ကိုပြပြီး နာမည်ပြောပြပါ။*

ထင်မြင်ချက်အကွက်တွင် အောက်ပါသတင်းအချက်အလက်များကို မှတ်တမ်းတင်ပါ။

- ထိုအစပြုခြင်းအားနားလည်ရန် ကျောင်းသား/သူ၏ အရည်အသွေး
- လုပ်ဆောင်ရမည့်အရာကို တင်ဆက်ရန် ကျောင်းသား/သူ၏ အရည်အသွေး
- သင့်လျော်သည့်အတိုင်း ပြန်လည်စာစီထားသောအစပြုသည့်စာစု

ဒုတိယအမျိုးအစားအနေဖြင့် မေးမြန်းသူသည် တွေ့ဆုံမေးမြန်းခြင်းပြုလုပ်မည့် အခန်းတွင် နာရီလက်တံများပါသောနာရီတစ်လုံးရမည်ဖြစ်သည်။ ဤအရာသည် နံရံကပ် သို့မဟုတ် လက်ပတ်နာရီတစ်လုံး ဖြစ်နိုင်သည်။

ဖော်ပြပါအတိုင်း ကျောင်းသားကို အစပြုပါ။ *အခု ကျွန်ုပ်ကသင့်ကို ဒီ [နံရံကပ်နာရီ/လက်ပတ်နာရီ] ကိုကြည့်ပြီး လက်ရှိအချိန်ကိုပြောစေချင်ပါတယ်။*

ထင်မြင်ချက်အကွက်တွင် အောက်ပါသတင်းအချက်အလက်များကို မှတ်တမ်းတင်ပါ။

- ထိုအစပြုခြင်းအားနားလည်ရန် ကျောင်းသား/သူ၏ အရည်အသွေး
- လုပ်ဆောင်ရမည့်အရာကို တင်ဆက်ရန် ကျောင်းသား/သူ၏ အရည်အသွေး
- သင့်လျော်သည့်အတိုင်း ပြန်လည်စာစီထားသောအစပြုသည့်စာစု